mgyoe.com



အားမာန်အပြည့်နှင့်စာရေးဆရာမကြီး

# ခင်ဆွေဦး

စာသား - မောင်ကိုကို(အမရပူရ)

သရုပ်ဖော် - မင်းနိုင်

အခြေခံမိတ်ဆက်စာစဉ်

အထူးပုံနှိပ်

mgyoe.com

mgyoe.com

ကလေးလူငယ်များအတွက်နှင့်
စာဖတ်ကျင့်ရရှိရေး ရည်ရွယ်စီစဉ်သော
အခြေခံမိတ်ဆက်စာစဉ် (အတ္တုပ္ပတ္တိ)

ISBN 9789997119179
BBB9
9 789997 119179
1,000.00KS

mgyoe.com

ခင်ဆွေဦး၊ မောင်ကိုကို(အမရပူရ)နှင့် မင်းနိုင်
စာမျက်နှာ ၆၇ မျက်နှာ၊ ၁၄ • ၅ စင်တီ × ၂၀ • ၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

အခြေခံမိတ်ဆက်စာစဉ်

# ခင်ဆွေဦး

စာသား – မောင်ကိုကို(အမရပူရ)
ပန်းချီ – မင်းနိုင်


ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

* စာဖတ်တတ်ခါစ ကလေးသူငယ်များ၊ လေ့လာသူ လူငယ် လူရွယ်လေးများ၊ မြန်မာစာ စတင်သင်ယူသူများ... အစ ရှိသဖြင့် ဖတ်ရှုနိုင်ရန် စီစဉ်သော စိတ်ကူးချိုချို၏ အခြေခံ မိတ်ဆက်စာစဉ်များ ဖြစ်ပါသည်။
* ဤအစီအစဉ်များတွင် အရုပ်နှင့် အရောင်များသော အစဉ်အလာ မြန်မာပုံပြင်များ၊ ထင်ရှားသော မြန်မာလူမျိုး ပုဂ္ဂိုလ်များ၏ ဘဝထုပ္ပတ်အကျဉ်းများ၊ လေ့လာမှတ်သား ဖွယ် မြန်မာစာပေမိတ်ဆက်များ ပါဝင်ထွက်ရှိသွားမည် ဖြစ်ပါသည်။

mgyoe.com




စာရေးဆရာမ ခင်ဆွေဦးကို ၁၉၃၂ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်၊ နံနက် ၁ နာရီ ၄၀ မိနစ်တွင် စစ်ကိုင်းမြို့၌ မွေးဖွား၏။

ခင်ဆွေဦး၏ ဖခင်သည် ဟိုတစ်ခေတ်က အလွန်ကျော်ကြားလှသော စာရေးဆရာကြီး မဟာဆွေ ဖြစ်သည်။

မဟာဆွေသည် ကိုလိုနီခေတ်က ကျောင်းဆရာ လုပ်ခဲ့ဖူးသေး၏။

မဟာဆွေသည် အင်္ဂလိပ်တို့၏ မြန်မာနိုင်ငံသားတို့အပေါ် ဖိနှိပ်အုပ်ချုပ်မှုကို ဆန့်ကျင်ပုန်ကန်သော စိတ်ဓာတ်အပြည့်ဖြင့် ဝတ္ထုများ ရေးသားခဲ့၏။

mgyoe.com



ခင်ဆွေဦးတွင် ခင်ဆွေအေး ဟု ခေါ်သော ညီမတစ်ယောက် ရှိ၏။
သူတို့မှာ ညီအစ်မအရင်း နှစ်ယောက်သာ ရှိ၏။

ခင်ဆွေဦး၏ မိခင် အမည်မှာ ဒေါ်ကြည်ကြည် ဖြစ်၏။

စစ်ကိုင်းမြို့တွင် ဒေါ် ကြည်ကြည်သည် အကြော် ကြော်ရောင်း၏။ သာမန်အကြော်ဆိုင်လေးတော့ မဟုတ်ပါ။ အလွန် လူကြိုက်များသော၊ အလွန်နာမည်ရသော အကြော်ဆိုင်ကို ပိုင်ဆိုင်ထား၏။

mgyoe.com




ခင်ဆွေဦးသည် ကိုးနှစ်အရွယ်မှာ ဝတ္ထုများကို နှစ်သက်စွာ ဖတ်တတ်နေပြီ။

ခင်ဆွေဦးသည် ကြည်အေး၏ ဝတ္ထုများကို စဖတ်သည်။

ခင်ဆွေဦးသည် ကြည်အေးကို အလွန်ကြိုက်သွား၏။

ကြည်အေးကို တော်တော် ဖတ်ပြီးမှ ဒဂုန်တာရာ၏ ဝတ္ထုတိုများကို ဖတ်သည်။

ဒဂုန်တာရာကို ခင်ဆွေဦးက ကြိုက်သွားပြန်သည်။

F_2A
mgyoe.com



ခင်ဆွေဦး၏ ဆယ်ကျော်သက်ဘဝမှာ ကြည်အေးနှင့် ဒဂုန်တာရာ တို့၏ ဝတ္ထုတိုများက လွှမ်းမိုးထား၏။

mgyoe.com



“ငါ့အဖေကိုယ်တိုင်က တကယ့်နာမည်ကြီး စာရေးဆရာကြီးပဲ။ ငါဟာ ငါ့အဖေ ရေးတဲ့ ဝတ္ထုတွေကို မဖတ်ဘဲ ဘာလို့ ကြည်အေး ဝတ္ထုတွေချည်း ဖတ်နေမိတာပါလိမ့်”

ခင်ဆွေဦးက တွေးမိသွား၏။

mgyoe.com




ခင်ဆွေဦးသည် ဖခင် မဟာဆွေ၏ လုံးချင်းဝတ္ထုများကို ဖတ်ကြည့်သည်။

'သူပုန်ကြီး'နှင့် 'စစ်ထွက်သူ'ကို ခင်ဆွေဦးက ကြိုက်သွားမိ၏။


ခင်ဆွေဦးသည် ဂျာနယ်ကျော်မမလေးနှင့် ခင်နှင်းယုတို့၏ ဝတ္ထုများကို ဖတ်မိသွားပြန်၏။

အသည်းစွဲခဲ့ပါပြီ။

ဂျာနယ်ကျော်မမလေး ဝတ္ထုများ။

ခင်နှင်းယု ဝတ္ထုများ။

mgyoe.com




ခင်ဆွေဦးတို့ ညီအစ်မ ငယ်ရွယ်စဉ်မှာပင် မဟာဆွေသည် ရန်ကုန်မြို့သို့ ပြောင်းရွှေ့၏။

မဟာဆွေသည် ရဲသတင်းစာတွင် အယ်ဒီတာ ဝင်လုပ်၏။ တစ်ဖက်ကလည်း ဝတ္ထုများကို ရေးနေသည်။

ခင်ဆွေဦးတို့ ညီအစ်မနှစ်ယောက်သည် စိန့်မေရီ ခရစ်ယာန်သာသနာပြုကျောင်းမှာ ပညာဆည်းပူး၏။

mgyoe.com




ခင်ဆွေဦးတို့ ရန်ကုန်ရောက်စမှာ ဒုတိယကမ္ဘာစစ်ကလည်း ရန်ကုန်သို့ ရောက်လာ၏။

ခင်ဆွေဦးတို့ မိသားစုသည် စစ်ကို ရှောင်ရပြန်၏။

အမရပူရ ရွှေကြက်ယက်ရွာသို့ ပထမ ပြေး၏၊ ခိုလှုံ၏။

ပိုပြီး စိတ်ချရအောင် စစ်ကိုင်းတောင်သို့ ပြောင်းရွှေ့ခိုလှုံ၏။

mgyoe.com




စစ်ကြီးပြီးဆုံးသွား

သည်။ ခင်ဆွေဦးတို့သည် ရန်ကုန်သို့ ပြန်လည် ပြောင်းရွှေ့၏။

"စာရေးဆရာ မဟာဆွေရဲ့ ဝတ္ထုတွေကို ကျွန်တော် ကြိုက်တယ်။ ကျွန်တော့်မှာ အိမ်အသစ်ကလေးတစ်လုံး၊ ကြည့်မြင်တိုင်က ကျောင်းကြီးလမ်းမှာ ရှိတယ်။ အဲ့ဒီအိမ်ကို ငှားမယ်။ စာရေးဆရာ မဟာဆွေမို့ ငှားတာပါ"

စာဖတ်ပရိသတ်တစ်ဦး၏ ကျေးဇူးကြောင့် ကြည့်မြင်တိုင်၊ ကျောင်းကြီးလမ်းတွင် အိမ်အသစ်ကလေးနှင့် နေခွင့်ရကြ၏။


mgyoe.com




"ကြည့်မြင်တိုင် ဆိုတဲ့စကားက Come and Die က လာတာဗျ။ ကြည့်မြင်တိုင်သားတွေဟာ အင်္ဂလိပ်ကို အသေခံပြီး ဆန့်ကျင်ပုန်ကန်ခဲ့ကြတာ။ သတ္တိ သိပ်ကောင်းတာ"

ကြည့်မြင်တိုင်သားတစ်ဦးက ပြောပြသည်။ မဟာဆွေက သဘောကျသွား၏။

mgyoe.com



ခင်ဆွေဦးတို့သည် ရန်ကုန်တွင် ဖခင် မဟာဆွေ၏ အရိပ်ကို ခိုလှုံရ၏။

မဟာဆွေသည် ရန်ကုန်မြို့တွင် ဝတ္ထုရေးခြင်း သက်သက်ကိုသာ လုပ်တော့၏။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



မဟာဆွေသည် မဟာဆွေ နာမည်နှင့်သာ မကတော့ဘဲ 'နေသူရိန်' အမည်နှင့်ပါ စာရေး၏။ မကြောက်တရားကို ရေး၏။

ခင်ဆွေဦး၏ ဖခင် မဟာဆွေတွင် စာပေအပေါင်းအသင်းများ ရှိ၏။

နိုင်ငံရေးအပေါင်းအသင်းများလည်း ရှိပြန်၏။

မဟာဆွေသည် စာရေးရင်း အရက်ကို သောက်၏။

ပထမတော့ နည်းနည်းသာ သောက်၏။

နောက်ပိုင်းကာလတွင် မဟာဆွေ၏ အရက်သောက်နှုန်းက မြင့်လာ၏။

mgyoe.com




mgyoe.com

mgyoe.com



"ဖေဖေ အရက်သောက်တာတွေ များလာပြီ။ သမီးကတော့ အဖေ အရက်သောက်တာကို မကြိုက်ဘူး"

"အေးပါ ... သမီးရယ်၊ ဖေဖေ မသောက်တော့ပါဘူး"

"ဖေဖေက မသောက်တော့ဘူးဆိုပြီး ပိုပိုသောက်လာတယ်။ ဖေဖေ့ အရက်ပုလင်းကြီးကို သမီး ရိုက်ခွဲပစ်မှာ"

ခင်ဆွေဦးသည် ဖခင်မဟာဆွေ၏ အရက်ပုလင်းကို ဝှက်ဝှက်ထား တတ်သည်။

မဟာဆွေသည် သမီးများ မသိစေရ၊ မမြင်စေရအောင် အရက် ပုလင်းကို ဝှက်ဝှက်ပြီး သောက်၏။ ဂျော်နီနှင့် လူစီ ခွေးနှစ်ကောင်ကတော့ မဟာဆွေကို ကြည့်လျက်။

mgyoe.com

mgyoe.com





ဖခင် မဟာဆွေသည် သမီး ခင်ဆွေဦးကို အမျိုးသားကျောင်းမှာ ထားစေချင်၏။

ခင်ဆွေဦးကို အမျိုးသားရေးစိတ်ဓာတ် ထက်သန်စေလိုခဲ့၏။

mgyoe.com



မိခင် ဒေါ်ကြည်ကြည်သည် ခင်ဆွေဦးတို့ ညီအစ်မနှစ်ယောက်စလုံးကို  အင်္ဂလိပ်ကျောင်းမှာ ထားချင်၏။

မိခင်ဆန္ဒက အားသာခဲ့ပါသည်။

ခင်ဆွေဦးတို့ ညီအစ်မနှစ်ယောက်သည် ခရစ်ယာန် သာသနာပြုကျောင်းမှာ နေခွင့်ရသွား၏။

mgyoe.com